# တည်ဆဲမြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေအမှတ် (၄/၂၀၂၂) နှင့် ရုပ်သိမ်းပြီး ရဲအက်ဥပဒေများအား နှိုင်းယှဉ်တင်ပြခြင်း


တင်ပြသူ - ဒေါ်လှဲ့လှဲ့ခိုင်
ဒုတိယညွှန်ကြားရေးမှူး
ဥပဒေဌာနခွဲ

ပြုစုသူ- ဒေါ်ခင်မွှန်ဌေး
ဒုတိယဦးစီးမှူး
ဥပဒေဌာနခွဲ


၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်

# မာတိကာ


၁။ နိဒါန်း

၂။ လက်ရှိကျင့်သုံးနေသည့် ဥပဒေနှင့် ရုပ်သိမ်းခဲ့သည့် အက်ဥပဒေများ

၃။ လက်ရှိကျင့်သုံးနေသည့် ဥပဒေ၏ ရည်ရွယ်ချက်

၄။ နှိုင်းယှဉ်ချက်များ

- ၄-၁။ ရဲတပ်ဖွဲ့အကြီးအကဲခန့်အပ်ခြင်း
- ၄-၂။ အခြားအဆင့် ရဲတပ်ဖွဲ့ဝင်များ ခန့်အပ်ခြင်း
- ၄-၃။ ရဲတပ်ဖွဲ့ဖွဲ့စည်းနိုင်သည့် အခွင့်အာဏာ၊
- ၄-၄။ ရဲတပ်ဖွဲ့ ဖွဲ့စည်းထားရှိမှု အဆင့်ဆင့်၊
- ၄-၅။ အရန်ရဲ/ အထူးရဲအရာရှိများခန့်အပ်ခြင်း၊
- ၄-၆။ ရဲတပ်ဖွဲ့ဝင်များအား အရေးယူသည့် ဥပဒေများ၊
- ၄-၇။ အကြောင်းကြားစာ ကြိုတင်ပေးပို့ရခြင်း၊
- ၄-၈။ အများပြည်သူဆိုင်ရာပြစ်ဒဏ်များ၊
- ၄-၉။ ကာလစည်းကမ်းသတ် နှင့် ပိုင်ရှင်မဲ့ပစ္စည်းများအား စီမံခန့်ခွဲခြင်း၊

၅။ ရုပ်သိမ်းဥပဒေများ၌ မပါရှိသော ပြဋ္ဌာန်းချက်များ၊

၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေအား နှိုင်းယှဉ်တင်ပြခြင်း

၇။ နိဂုံး

# ၁။နိဒါန်း

- ၁၈၉၉ ခုနှစ်တွင် ရန်ကုန်ပုလိပ်အက်ဥပဒေကို ပြဋ္ဌာန်း၍ ရန်ကုန်ပုလိပ်အဖွဲ့ကို ဖွဲ့စည်းခဲ့၊
- ၁၉၃၇ ခုနှစ်မှာ ပုလိပ်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပြီး သာမန်ပုလိပ် နှင့် စစ်ပုလိပ်ဟု (၂) မျိုးခွဲထွက်ခဲ့၊
- မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း လက်နက်ကိုင်ပုလိပ်တပ်ဖွဲ့ကို ပြည်ထောင်စုစစ်ရဲတပ်အဖြစ် ပေါင်းစည်းခဲ့၊
- ၁၉၅၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့၊

# နိဒါန်း (အဆက်)

- ၁၉၆၀ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ပြည်ထောင်စုစစ်ရဲကို ပြည်စောင့်ရဲဟု အမည်ပြောင်းလဲပြင်ဆင်ခဲ့၊
- ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ ပြည်သူ့ရဲတပ်ဖွဲ့ အမည်ဖြင့် ထပ်မံပြန်လည်ဖွဲ့စည်းခဲ့၊
- ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟု အမည်ပြောင်းလဲခဲ့၊
- နှစ်စဉ် အောက်တိုဘာလ (၁) ရက်နေ့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဟု သတ်မှတ်ခဲ့၊

# ၂။လက်ရှိကျင့်သုံးနေသည့် ဥပဒေနှင့် ရုပ်သိမ်းခဲ့သည့် အက်ဥပဒေများ

- ၁၈၉၉ ခုနှစ်၌ ရန်ကုန်ရဲအက်ဥပဒေ ပြဋ္ဌာန်း (၁၉၅၅ ခုနှစ်၊ ၁၉၅၉ ခုနှစ်၊ ၁၉၇၀ ခုနှစ်တို့တွင် ပြင်ဆင်မှုများ ပြုလုပ်ခဲ့)
- လွတ်လပ်ရေးမရမီ ကာလ - ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေကို ထပ်မံပြဋ္ဌာန်းခဲ့၊
- ၁၉၅၉ ခုနှစ်၊ ကယားပြည်နယ် ရဲအဖွဲ့အက်ဥပဒေ နှင့် ကရင်ပြည်နယ် ရဲအဖွဲ့အက်ဥပဒေ တို့ကို ပြဋ္ဌာန်းပြီး ကျင့်သုံးဆောင်ရွက်ခဲ့၊

# ၂။လက်ရှိကျင့်သုံးနေသည့် ဥပဒေနှင့် ရုပ်သိမ်းခဲ့သည့် အက်ဥပဒေများ (အဆက်)

- ယခုကျင့်သုံးနေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ (၄/၂၀၂၂) ကို ၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ပြဋ္ဌာန်းပြီး အထက်တွင် ဖော်ပြခဲ့သည့် အက်ဥပဒေ(၄)ခုကို ရုပ်သိမ်းခဲ့၊
- မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေအား အခန်း (၁၈) ခန်း၊ ပုဒ်မပေါင်း (၆၉) ခုဖြင့် ပြဋ္ဌာန်းထား၊
- (၄/၂၀၂၂)ကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ပြင်ဆင်ခဲ့၊

# ၃။လက်ရှိကျင့်သုံးနေသည့်ဥပဒေ၏ ရည်ရွယ်ချက်

❖ အခန်း (၂) တွင် ဥပဒေ၏ ရည်ရွယ်ချက်အား သီးသန့် ဖော်ပြထား

- လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ အစဉ်ကာကွယ်စောင့်ရှောက်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊
- နိုင်ငံတော် နှင့် ပြည်သူများက ယုံကြည်အားထားရသည့် အရည်အသွေးမြင့်မားပြီး စည်းကမ်းကောင်းမွန်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊
- ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်များကို စွမ်းရည်ထက်မြက်စွာ ထမ်းဆောင်နိုင်သည့် ရဲတပ်ဖွဲ့ ဖြစ်စေရန်၊
- နိုင်ငံတကာရဲတပ်ဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရဲတပ်ဖွဲ့၏ စွမ်းရည် နှင့် အရည်အသွေးမြင့်မားရေး ဆောင်ရွက်ရန်၊
- လိုအပ်သည့်အချိန်တွင် နိုင်ငံတော်ကာကွယ်ရေး နှင့် လုံခြုံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရန်၊

# ၄။နိုင်ငံယှဉ်ချက်များ

## ၄-၁။ ရဲတပ်ဖွဲ့အကြီးအကဲခန့်အပ်ခြင်း

**လက်ရှိကျင့်သုံးသည့် ဥပဒေ**

- **တည်ဆဲဥပဒေ - ရဲချုပ်**

  (Chief of Police)

(တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ညှိနှိုင်း၍ နိုင်ငံတော် သမ္မတက ခန့်အပ်)

**ရုပ်သိမ်းခဲ့သည့် ဥပဒေများ**

- **ရန်ကုန်ရဲအက်ဥပဒေ (၁၈၉၉)**
  - အကြီးအကဲမှာ - ရဲမင်းကြီး (Commissioner of Police)

  (နိုင်ငံတော်သမ္မတက ခန့်အပ်)
- **ရဲအက်ဥပဒေ (၁၉၄၅)**
  - အကြီးအကဲမှာ - ရဲချုပ်

  (Inspector-General of Police)

  ( နိုင်ငံတော်သမ္မတက ခန့်အပ်)
- **ကယားပြည်နယ် ရဲအဖွဲ့အက်ဥပဒေနှင့် ကရင်ပြည်နယ် ရဲအဖွဲ့အက်ဥပဒေ**
  - အကြီးအကဲမှာ - ရဲချုပ်

  (၎င်းတို့ကို ပြည်နယ်ဥက္ကဋ္ဌက ခန့်အပ်)

# ၄-၂။ အခြားအဆင့်ရဲတပ်ဖွဲ့ဝင်များခန့်အပ်ခြင်း

❖ တည်ဆဲဥပဒေတွင်

➢ အခြားအဆင့် - သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ရဲချုပ်က ခန့်အပ်

❖ ရန်ကုန်ရဲအက်ဥပဒေတွင်

➢ အခြားအဆင့်များအား နိုင်ငံတော် သမ္မတ၏ ကြီးကြပ်မှုဖြင့် ရဲမင်းကြီးက ခန့်အပ်၊

❖ ရဲအက်ဥပဒေတွင်

➢ အခြားအဆင့်များအား နိုင်ငံတော် သမ္မတ၏ ကြီးကြပ်မှုဖြင့် ရဲချုပ်က ခန့်အပ်၊

❖ ကယားပြည်နယ် ရဲအဖွဲ့အက်ဥပဒေ

❖ ကရင် ပြည်နယ် ရဲအဖွဲ့အက်ဥပဒေ

➢ ပြည်နယ်ဥက္ကဋ္ဌ၏ကြီးကြပ်မှုဖြင့် အခြားအဆင့်အား ရဲချုပ်က ခန့်အပ်

# ၄-၃။ ရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်သည့်အခွင့်အာဏာ

- ❖ တည်ဆဲဥပဒေ
  - ➢ အစိုးရအဖွဲ့သည်  တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောထားကိုရယူပြီး ရဲတပ်ဖွဲ့ကိုလိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်၊

- ❖ ရန်ကုန်ရဲအက်ဥပဒေ (၁၈၉၉)
- ❖ ရဲအက်ဥပဒေ (၁၉၄၅)
  - ➢ ရဲတပ်ဖွဲ့ဖွဲ့စည်းခြင်းကို-နိုင်ငံတော် သမ္မတ
- ❖ ကယားပြည်နယ် ရဲအဖွဲ့အက်ဥပဒေ
- ❖ ကရင်ပြည်နယ်ရဲအဖွဲ့အက်ဥပဒေ
  - ➢ ရဲတပ်ဖွဲ့ဖွဲ့စည်းခြင်းကို - ပြည်နယ် ဥက္ကဋ္ဌ

# ၄-၄။ ရဲတပ်ဖွဲ့ ဖွဲ့စည်းထားရှိမှုအဆင့်ဆင့်

❖ ပုဒ်မ ၅ အရ ရဲတပ်ဖွဲ့ ဖွဲ့စည်းထားရှိမှုများမှာ-

(က) ရဲတပ်ဖွဲ့ဌာနချုပ်

(ခ) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့

(ဂ) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့

(ဃ) တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ပြည်နယ်ရဲတပ်ဖွဲ့ နှင့် နေပြည်တော်ရဲတပ်ဖွဲ့

(င) သီးခြားလုပ်ငန်းတာဝန်ဖွဲ့စည်းထားသည့် တပ်ဖွဲ့များဟူ၍ ပုဒ်မခွဲငယ် (၁) မှ (၁၆) အထိ ပြဋ္ဌာန်းထား

❖တည်ဆဲဥပဒေကဲ့သို့ ရဲတပ်ဖွဲ့ ဖွဲ့စည်းထားရှိမှုများကို ရုပ်သိမ်းပြီး အက်ဥပဒေ (၄) ခုတွင် ရှင်းရှင်းလင်းလင်း တိတိကျကျ ထည့်သွင်း ပြဋ္ဌာန်းထားခြင်း မရှိပါ။

# ၄-၅။ အရန်ရဲ/ အထူးရဲအရာရှိများခန့်အပ်ခြင်း

- ❖ တည်ဆဲဥပဒေတွင်
  - ➢ အရန်ရဲခန့်အပ်ခြင်းကို ရဲချုပ်က ဝန်ကြီးဌာနမှ တစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်

- ❖ ရန်ကုန်ရဲအက်ဥပဒေတွင်
  - ➢ ရဲမင်းကြီးက အထူးရဲအရာရှိများကို ခန့်အပ်နိုင်
- ❖ ရဲအက်ဥပဒေ၊
- ❖ ကယားပြည်နယ် ရဲအဖွဲ့အက်ဥပဒေ၊
- ❖ ကရင်ပြည်နယ်ရဲအဖွဲ့အက်ဥပဒေတွင်
  - ➢ ခရိုင်ရဲဝန်က လျှောက်ထားတောင်းဆိုလျှင် ခရိုင်ရာဇဝတ်တရားသူကြီးက အထူးအရံရဲအရာရှိများ ခန့်ထားနိုင်၊

# ၄-၆။ ရဲတပ်ဖွဲ့ဝင်များအား အရေးယူသည့် ဥပဒေများ

❖ တည်ဆဲဥပဒေ

➢ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါကအခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင်မည်သို့ပင်ပါရှိစေကာမူ အဆိုပါ ဥပဒေအရသာ အရေးယူ၊

➢ တည်ဆဲဥပဒေတစ်ရပ်ရပ်အရအရေးယူရန် လိုအပ်ပါက အခြေအနေ (၂) မျိုးရှိ-

- ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးသည့် ကိစ္စ၊
- အခြားတရားစွဲအဖွဲ့အစည်းမှ စွဲဆိုသည့် ကိစ္စ၊

(ရဲချုပ်ထံမှ တရားစွဲဆိုခွင့်ပြုမိန့် ရယူ)

❖ ရန်ကုန်ရဲအက်ဥပဒေ

❖ ရဲအက်ဥပဒေ

❖ ကယားပြည်နယ်ရဲအဖွဲ့အက် ဥပဒေ

❖ ကရင်ပြည်နယ်ရဲအဖွဲ့အက် ဥပဒေ

➢ ရဲတပ်ဖွဲ့ဝင်များပြစ်မှုကျူးလွန်ပါကသက်ဆိုင်ရာဥပဒေအသီးသီးအရ အရေးယူ၊

# ၄-၇။ အကြောင်းကြားစာကိုတင်ပေးပို့ရခြင်း

❖ **တည်ဆဲဥပဒေ**

➢ တရားမကြောင်းအရဖြစ်စေ၊ပြစ်မှုကြောင်းအရဖြစ်စေ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား အရေးယူပေးရန် နစ်နာသူက လျှောက်ထားလာပါက တရားရုံးက ဆိုင်ရာရဲတပ်ဖွဲ့သို့ စာဖြင့်အကြောင်းကြားရ၊

➢ လုပ်ငန်းတာဝန်ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့်နစ်နာမှုတွင် ကြီးကြပ်အုပ်ချုပ်သောအရာရှိထံ ရက်ပေါင်း (၃၀) ကြို၍စာဖြင့်အကြောင်းကြားရ၊ သို့မဟုတ်ပါက မည်သည့်တရားရုံးတွင်မျှ စွဲဆိုခွင့်မရှိ၊

❖ ရန်ကုန်ရဲအက်ဥပဒေ

❖ ရဲအက်ဥပဒေ

❖ ကယားပြည်နယ် ရဲအဖွဲ့အက်ဥပဒေ

❖ ကရင်ပြည်နယ် ရဲအဖွဲ့အက်ဥပဒေ

➢ တရားမကြောင်းအရ စွဲဆိုလိုသော် ကြီးကြပ်အုပ်ချုပ်သော ခရိုင်ရဲဝန်ထံသို့ (၁) လ ကြိုတင်စာဖြင့် နို့တစ်စာ ပေးပို့ရ၊ သို့မဟုတ်ပါက တရားစွဲဆိုခွင့်မရှိ၊

➢ ရာဇဝတ်ကြောင်းစွဲပြီးဖြစ်လျှင် တရားမကြောင်း စွဲခွင့်မရှိ၊

# ၄-၈။ အများပြည်သူဆိုင်ရာ ပြစ်ဒဏ်များ

- ❖ **တည်ဆဲဥပဒေ**
  - ➢ ပုဒ်မ ၆၀ ပါ ပြစ်မှုများကို ကျူးလွန်ပါက ပြစ်မှုအမျိုးအစားအလိုက် အနိမ့်ဆုံး ထောင်ဒဏ်သည် (၁) လ၊ အမြင့်ဆုံး ထောင်ဒဏ်သည် (၂) နှစ်ဟု အသီးသီး ရှိ၊
  - ➢ ငွေဒဏ် ၁၀,၀၀၀/- ကျပ်မှ ၁၀၀,၀၀၀/- ကျပ်ထိ၊
  - ➢ ငွေဒဏ်သက်သက်ဖြစ်စေ၊ထောင်ဒဏ်သက်သက်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည့် အမှုများ၊
- ❖ **ရန်ကုန်ရဲအက်ဥပဒေ**
- ❖ **ရဲအက်ဥပဒေ**
- ❖ **ကယားပြည်နယ် ရဲအဖွဲ့အက်ဥပဒေ**
- ❖ **ကရင် ပြည်နယ် ရဲအဖွဲ့အက်ဥပဒေ**
  - ➢ ပြစ်မှုအမျိုးအစားပေါ်မူတည်၍ (၂) နှစ်ထက်မပိုသော ထောင်ဒဏ် တစ်မျိုးမျိုးနှင့် ငွေဒဏ်တစ်မျိုးမျိုး ချမှတ်နိုင်၊
  - ➢ ငွေဒဏ်သက်သက်ဖြစ်စေ၊ ထောင် ဒဏ်သက်သက်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်နိုင်သည့် အမှု များ၊

# ၄-၉။ ကာလစည်းကမ်းသတ် နှင့် ပိုင်ရှင်မဲ့ပစ္စည်းများအား စီမံခန့်ခွဲခြင်း

- တည်ဆဲဥပဒေ နှင့် ရုပ်သိမ်းပြီးသည့် အက်ဥပဒေများတွင် အမှုစွဲဆိုရမည့် ကာလစည်းကမ်းသတ်မှတ်ချက်မှာ ကျူးလွန်သည့်နေ့မှစ၍ (၃) လဖြစ်၊ တရားစွဲဆိုနိုင်သည့်ကာလ တူညီ၊
- တည်ဆဲဥပဒေတွင် ပိုင်ရှင်မရှိသော ပစ္စည်းများကို ထိန်းသိမ်း၍ ပိုင်ရှင်စုံစမ်းရှာဖွေခြင်း နှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ၍ စီမံခန့်ခွဲမှုရယူ၊
- ရုပ်သိမ်းအက်ဥပဒေများတွင် ပိုင်ရှင်မရှိသော ပစ္စည်းများကို ထိန်းသိမ်း၍ ခရိုင်ရာဇဝတ်တရားသူကြီးထံသို့ တင်ပြ၍ စီမံခန့်ခွဲမှုရယူ၊

# ၅။ ရုပ်သိမ်းဥပဒေများ၌ မပါရှိသော ပြဋ္ဌာန်းချက်များ

- ရဲတပ်ဖွဲ့ဝင်များ၏ အခွင့်အရေးများကို ဤဥပဒေ၏ အခန်း(၉) တွင် အခြေခံအခွင့်အရေးများအဖြစ် ပုဒ်မခွဲငယ် (၁) မှ (၂၀) ထိ ပြဋ္ဌာန်း

- ဤဥပဒေ၏ အခန်း(၁၁)၊ ချီးမြှင့်ခြင်းတွင်-
  - ထူးချွန်ပြီး၊ စွမ်းစွမ်းတမံ ကြိုးပမ်းသည့် ရဲတပ်ဖွဲ့ဝင်များကို ကြိုတင်နှစ်တိုးလစာ၊ ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်း တို့ကို ရဲချုပ်က ဆောင်ရွက်
  - နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်နိုင်ရေးတို့အတွက် ရဲချုပ်က ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ

# ၅။ ရုပ်သိမ်းဥပဒေများ၌ မပါရှိသော ပြဋ္ဌာန်းချက်များ(အဆက်)

❖ **အခန်း (၁၂)၊ ခွင့်ခံစားခြင်းတွင်-**

- ရဲတပ်ဖွဲ့ဝင်တိုင်းသည် ရှောင်တခင်ခွင့်၊ ကူးစက်ရောဂါကာကွယ်ခွင့်၊ လုပ်သက်ခွင့်၊ ဆေးလက်မှတ်ခွင့်၊ လစာမဲ့ခွင့်၊ မီးဖွားခွင့်၊ အထူးမသန်စွမ်းခွင့်၊ ဆေးရုံခွင့်၊ ပညာလေ့လာဆည်းပူးခွင့်တို့အား ခံစားခွင့်ရှိ(Xသဘော်သားနာမကျန်းခွင့်X)

❖ **အခန်း (၁၄)၊ အငြိမ်းစားယူခြင်းတွင်-**

- ရဲတပ်ဖွဲ့ဝင်များသည် သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ လျော့ပေါ့ပင်စင်၊ နာမကျန်းပင်စင်၊ အထူးပင်စင်၊ မိသားစုပင်စင် အမျိုးအစားများအနက် တစ်မျိုးမျိုးကို သတ်မှတ်ချက်များနှင့် အညီ ခံစားခွင့်ရှိ (Xလျော်ကြေးပင်စင်X)

# ၅။ ရုပ်သိမ်းဥပဒေများ၌ မပါရှိသော ပြဋ္ဌာန်းချက်များ(အဆက်)

❖ စုပေါင်းအိမ်ရာ၊ ဈေး၊ လူအများအပြား စုဝေးအသုံးပြုမည့် အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ စက်ရုံ၊ အလုပ်ရုံများ ဆောက်လုပ်ပါက-

- ➢ အဆောက်အအုံ၏ ပုံစံ နှင့် ဖွဲ့စည်းပုံကို သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ပေးပို့ရ ၊
- ➢ လုံခြုံရေး နှင့်စပ်လျဉ်း၍ လိုအပ်ပါက ရဲတပ်ဖွဲ့သို့ အကြံပြုချက်များ တောင်းခံနိုင် ၊
- ➢ သို့သော် ရုပ်သိမ်းဥပဒေများတွင် ရဲတပ်ဖွဲ့ကရဲအရာရှိတိုင်းသစ္စာရှိရှိ အမှုထမ်းပါမည့်အကြောင်း ကျမ်းကျိန်/ ကတိသစ္စာပြုရ၊ ပုံစံဇယားပါရှိ

# ၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေ နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေအား နှိုင်းယှဉ်တင်ပြခြင်း

❖ မြန်မာနိုင်ငံရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၅ ဖြင့် ၂၆-၄-၁၉၉၅ နေ့က ပြဋ္ဌာန်းခဲ့၊

❖ နည်းဥပဒေ (အမိန့်ကြော်ငြာစာ အမှတ် ၂/၉၅၊ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့)

❖ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ရဲတပ်ဖွဲ့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဟု အမည်ပြောင်းလဲသတ်မှတ်ခြင်း (အမိန့်အမှတ် ၁/၉၅၊ ၁၃-၉-၁၉၉၅)

➢ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေ အမှတ် (၄/၂၀၂၂) ဖြင့် ၂၅-၃-၂၀၂၂ ရက်နေ့က ပြဋ္ဌာန်းခဲ့၊ ၁၇-၈-၂၀၂၂ ရက်နေ့က တစ်ကြိမ် ပြင်ဆင်ခဲ့၊

➢ နည်းဥပဒေ ပြဋ္ဌာန်းထားခြင်းမရှိသေး၊

# ၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေ နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေအား နှိုင်းယှဉ်တင်ပြခြင်း (အဆက်)

- နစ်နာမှုကို တင်ပြခြင်း၊
- အုပ်ချုပ်မှုအာဏာ၊
- ဖမ်းဆီးခြင်း နှင့် ချုပ်နှောင်ခြင်း၊
- ပြစ်မှုများ၊
- အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ခြင်း၊
- ရဲတရားရုံးကို ဖွဲ့စည်းခြင်း၊
- ပြစ်ဒဏ်ချမှတ်ချက်များကို ဆောင်ရွက်ခြင်း၊
- ရဲတရားရုံးများလိုက်နာရမည့် ကျင့်ထုံး
- ဖွဲ့စည်းခြင်း၊
- ခန့်အပ်ခြင်း၊
- အရန်ရဲခန့်အပ်ခြင်း၊
- တာဝန်နှင့်လုပ်ပိုင်ခွင့်၊
- လုံခြုံရေး၊ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်များဆောင်ရွက်ခြင်း၊
- လေ့ကျင့်သင်ကြားရေး၊
- ရဲတပ်ဖွဲ့ဝင်၏ အခွင့်အရေးများ၊
- ရာထူးတိုးမြှင့်ခြင်း၊

# ၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေ နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေအား နှိုင်းယှဉ်တင်ပြခြင်း (အဆက်)

- အတည်ပြုခြင်း နှင့် ပြန်လည်ပြင်ဆင် ခြင်း
- အသနားခံခြင်း
- အထွေထွေ

- ချီးမြှင့်ခြင်း၊
- ခွင့် ခံစားခြင်း၊
- စည်းကမ်းထိန်းသိမ်းရေး၊
- အငြိမ်းစားယူခြင်း၊
- ရဲတပ်ဖွဲ့ဝင်မှတ်တမ်း၊
- ထောက်ပံ့ရေးနှင့်ဖြည့်တင်းရေး
- စည်းကမ်းသေဝပ်တည်ငြိမ်ရေး နှင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အရေးယူပိုင်ခွင့်များ
- အထွေထွေ

# ၇။ နိဂုံး

- တည်ဆဲဥပဒေ၌ မည်သည့်ဒေသတွင်မဆို ရောက်ရှိနေသော ရဲတပ်ဖွဲ့ဝင်အားလုံးနှင့် သက်ဆိုင် (ပုဒ်မ - ၂)၊ ရုပ်သိမ်းဥပဒေများသည် နေရာဒေသပိုင်းခြားထားသည်၊
- ရဲတပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံကို အတည်ပြုခြင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ ရာထူးအဆင့်များ၊ ချိန်နှုန်းလစာများ သတ်မှတ်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ ကျွမ်းကျင်မှု၊ လုပ်ငန်းအတတ်ပညာ နှင့် လုပ်ငန်းသဘာဝအရ စုစည်းဖွဲ့စည်းခြင်း၊ ၎င်းတို့၏ လုပ်ငန်းတာဝန်များကို စိစစ်သုံးသပ်ခြင်းများကို အစိုးရအဖွဲ့က ပြုလုပ်ပြီး ရုပ်သိမ်းဥပဒေများ၌ သက်ဆိုင်ရာဥပဒေများနှင့်အညီ အာဏာပိုင်များက ဆောင်ရွက်၊
- တည်ဆဲပုဒ်မ ၆၅ တွင် ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအရ ခန့်အပ်ထားသည့် ရဲတပ်ဖွဲ့ဝင် မဟုတ်သော နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ရုပ်သိမ်းဥပဒေများ၌ ဤသို့သော ပြဋ္ဌာန်းချက်မျိုးမတွေ့ရှိရ၊

# Thank you